ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် (၃၄)၊နေပြည်တော်

ဖုန်း- ၀၆၇ - ၄၁၀၁၅၂၊ ၄၁၀၅၆၄၊ ဖက်(စ်) ၀၆၇- ၄၁၀၀၄၇၊ အီးမေးလ်- frd34@frdmyanmar.com၊ insurance.frd@gmail.com

# အာမခံကိုယ်စားလှယ်များလိုက်နာရန်စည်းကမ်းချက်များ

## နိဒါန်း

၁။ အာမခံကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးမြင့်မားခြင်းသည် အာမခံလုပ်ငန်းကဏ္ဍ တိုးတက်ရေးနှင့် အာမခံဝန်ဆောင်မှု ကောင်းသတင်း အပေါ်များစွာ အကျိုးသက်ရောက်စေပါသည်။ သို့ဖြစ်ရာ အာမခံ ကိုယ်စားလှယ်များ စနစ်တကျ ခန့်အပ်နိုင်ရေးနှင့် အရည်အသွေး မြင့်မားရေးတို့အတွက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ်များ လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

## ကိုယ်စားလှယ်ခန့်ထားခြင်း

၂။ ပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသည့်ကုမ္ပဏီ (သို့မဟုတ်) အသင်း (သို့မဟုတ်) အဖွဲ့အစည်း (အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းသက်သာချောင်ချိရေး အဖွဲ့များ အပါအဝင်) ကိုဖြစ်စေ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က သင့်လျော်သည်ဟု ယူဆပါက အာမခံကိုယ်စားလှယ် ခန့်ထားမည်ဖြစ်ပါသည်။

## ကိုယ်စားလှယ်လျှောက်ထားရန်သတ်မှတ်ချက်များ

၃။ အောက်ပါသတ်မှတ်ချက်များဖြင့်ညီညွတ်လျှင်ကိုယ်စားလှယ်လျှောက်ထားနိုင်သည်-

(က) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်သတ်မှတ်ချက်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အသက်(၂၀) နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။

(၃) ပညာအရည်အချင်းအနေဖြင့်အနိမ့်ဆုံးဘွဲ့ တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (အထူးသင့်လျော်သူဖြစ်ပါကပညာအရည်အချင်းသတ်မှတ်ချက်ကိုလျော့ပေါ့စဉ်းစားမည်။)

(၄) ရာဇဝတ်မှုကင်းရှင်းပြီးအကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ခ) မှတ်ပုံတင်ထားသည့်ကုမ္ပဏီ/အသင်း/ အဖွဲ့ အစည်းအတွက်သတ်မှတ်ချက်-

(၁) မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းဖြစ်ရမည်။

(၂) လုပ်ငန်းအမှန်တကယ် လည်ပတ်ဆောင်ရွက်နေသော ကုမ္ပဏီ/အသင်း/ အဖွဲ့အစည်း ဖြစ်ရမည်။

(၃) ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းတွင် အာမခံကိုယ်စားလှယ် လုပ်ငန်းလက်တွေ့ လုပ်မည့်ပုဂ္ဂိုလ်(၃) ဦးထက်မနည်းရှိရမည်။ အဆိုပါ ပုဂ္ဂိုလ်တို့ သည်အထက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။

**ကိုယ်စားလှယ်လျှောက်ထားမှု**

၄။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ထံသို့ အောက်ပါလိုအပ်ချက်များနှင့် အတူ လျှောက်ထားရမည်-

(က) ပုဂ္ဂိုလ်တစ်ဦးချင်းကလျှောက်ထားလျှင် -

(၁) လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့်လျှောက်လွှာ

(၂) ပြည့်စုံစွာဖြည့်စွက်ထားသောပုဂ္ဂိုလ်တစ်ဦးချင်းအတွက်သတ်မှတ်ပုံစံ

(၃) နိုင်ငံသားစိစစ်ရေးကဒ်ပြားဓါတ်ပုံမိတ္တူ (မူရင်းကိုစစ်ဆေးမည်)

(၄) ပညာအရည်အချင်းအောင်လက်မှတ်/ဘွဲ့ လက်မှတ်ဓါတ်ပုံမိတ္တူ (မူရင်းကိုစစ်ဆေးမည်)

(၅) ရာဇဝတ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့ နယ်ပြည်သူ့ ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း

(၆) ဓါတ်ပုံ (၂) ပုံ

(၇) အခြားအထောက်အထားများ

(ခ) အဖွဲ့ အစည်းကလျှောက်ထားလျှင်-

(၁) ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းတာဝန်ခံလက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ

(၂) ပြည့်စုံစွာဖြည့်စွက်ထားသည့် ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းအတွက် သတ်မှတ်ပုံစံများ

(၃) ကုမ္ပဏီ/ အသင်း/ အဖွဲ့ အစည်းတွင် အာမခံကိုယ်စားလှယ်လုပ်ငန်းဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် အထက်ပါ လိုအပ်ချက်များ

(၄) ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းအဖြစ်တရားဝင်ခွင့်ပြုခဲ့သည့် ခွင့်ပြုမိန့်/ လိုင်စင်ဓါတ်ပုံမိတ္တူ (မူရင်းကိုစစ်ဆေးမည်)

(၅) ကုမ္ပဏီ/အဖွဲ့ အစည်း၏သင်းဖွဲ့ စည်းမျဉ်းများဓါတ်ပုံမိတ္တူ (မူရင်းကို စစ်ဆေးမည်။)

**ကိုယ်စားလှယ်များစီစစ်ရွေးချယ်ခြင်း**

၅။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ က ဖွဲ့စည်းထားသည့် ကိုယ်စားလှယ် စီစစ်ရွေးချယ်ရေး အဖွဲ့ သည် ကိုယ်စားလှယ်အဖြစ် လျှောက်ထားသော ပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းကို အောက်ပါ အစီအစဉ်အတိုင်း စီစစ် ရွေးချယ်မည်-

(က) ကိုယ်စားလှယ်လျှောက်ထားသော ပုဂ္ဂိုလ်/ ကုမ္ပဏီ/ အသင်း/ အဖွဲ့ အစည်းများကို လူတွေ့ စစ်ဆေးခြင်း

(ခ ) လူတွေ့ စစ်ဆေးမှုအောင်မြင်သူများကိုစာတွေ့ ,လက်တွေ့ သင်တန်းပို့ ချခြင်း

(ဂ ) သင့်လျော်သောပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းကိုကိုယ်စားလှယ်ခန့် ထားခြင်း

**ကိုယ်စားလှယ်ခန့် ထားခြင်း**

၆။ သတ်မှတ်သည့် ကိုယ်စားလှယ်သင်တန်း ကိုစည်းကမ်းနှင့်အညီ တက်ရောက် အောင်မြင် သည့် ပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်း/အဖွဲ့ အစည်းများကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ မှ စီစစ်၍ ကိုယ်စားလှယ် မှတ်ပုံတင် ထုတ်ပေးမည်-

(က) ကိုယ်စားလှယ်မှတ်ပုံတင်၏သက်တမ်းကို (၁၂) လသတ်မှတ်မည်။

(ခ ) ကိုယ်စားလှယ်မှတ်ပုံတင်သက်တမ်းအတွင်းသာလုပ်ငန်းဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စည်းကမ်းလိုက်နာမှု အခြေအနေကို ပြန်လည်စီစစ်ပြီးမှ ကိုယ်စားလှယ် မှတ်ပုံတင် သက်တမ်းတိုးပေးမည် ဖြစ်၍ သက်တမ်းမကုန်မီ (၂) လကြိုတင်၍ ကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားရမည်။ Corporate Agent များအတွက်သီးခြား Corporate နံပါတ် ပေးပြီးခန့် ထားမည်။ Bancassurance လုပ်ငန်းများအတွက် Bank Agent များကို သီးခြားနံပါတ်ဖြင့် ခန့် ထားမည်ဖြစ်ပါသည်။

**ကိုယ်စားလှယ်လုပ်ဆောင်ခွင့်ရှိသည့်အာမခံအမျိုးအစားများ**

၇။ ကိုယ်စားလှယ်သည် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ က ခွင့်ပြုထားသည့် အာမခံ အမျိုး အစားအတွက် အာမခံထားရှိရေးကို စည်းရုံးဆောင်ရွက်နိုင်သည်။

**ကော်မရှင်ခံစားခွင့်**

၈။ ကိုယ်စားလှယ်သည် မိမိဆောင်ရွက်ပေးသည့် အာမခံပေါ်လစီအတွက် ပေးသွင်းသည့် ပရီမီယံအပေါ် သတ်မှတ်ကော်မရှင်နှုန်းဖြင့် ကော်မရှင်ခံစားခွင့်ရှိသည်။

၉။ ကိုယ်စားလှယ်သည် မိမိခံစားခွင့်ရှိ ကော်မရှင်ကို မိမိသဘောဖြင့် ပရီမီယံမှ နုတ်ဖြတ်ခွင့် မရှိပါ။ ကော်မရှင်ကို အာမခံအလုပ်လက်ခံသူက ထုတ်ပေးရပါမည်။

၁၀။ ကိုယ်စားလှယ်သည်ရရန်ရှိသည့် ကော်မရှင်များကို သတ်မှတ်ပုံစံဖြင့် လအလိုက် တောင်းခံရမည်။

၁၁။ ကော်မရှင် တောင်းခံရမည့်ကာလကို (၁၂) လသတ်မှတ်သည်။ ကိုယ်စားလှယ် ဆောင်ရွက်ပေးသည့် အာမခံပေါ်လစီအတွက် ပရီမီယံပေးသွင်းသည့်နေ့မှ (၁၂) လအတွင်း ရရန်ရှိသည့် ကော်မရှင်ကို တောင်းခံရန် ဖြစ်သည်။ (၁၂) လအတွင်း မတောင်းခံသည့် ကော်မရှင်များကို ခံစားခွင့် ရုတ်သိမ်းပြီးဟု မှတ်ယူရမည်။

၁၂။ အာမခံ ပေါ်လစီတစ်ခုအတွက် ပရီမီယံပြန်အမ်းရန် ကိစ္စပေါ်ပေါက်လျှင် ယင်းပရီမီယံအပေါ် တွက်ချက်သည့် ကော်မရှင်မှလည်း အချိုးကျ ပြန်အမ်းရမည်။ ကိုယ်စားလှယ်မှ ကော်မရှင် ထုတ်ယူပြီးဖြစ်လျှင် အာမခံ အလုပ်လက်ခံသူသို့ အချိုးကျ ပြန်သွင်းရမည်။

**ကိုယ်စားလှယ်လုပ်ဆောင်ခွင့်မရှိသည့်အာမခံအမျိုးအစားများ**

၁၃။ အောက်ဖော်ပြပါအာမခံအမျိုးအစားများကိုကိုယ်စားလှယ်လုပ်ဆောင်ခွင့်မပြုပါ-

(က) ၁၉၉၃ခုနှစ်၊ မြန်မာ့အာမခံဥပဒေ၊ အခန်း(၆)၊ အပိုဒ်(၁၃) အရ အစိုးရဝန်ထမ်းများ မထားမနေရထားရှိသည့် အသက်အာမခံ

(ခ) နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ဖက်စပ်လုပ်ငန်းနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေအရ ထူထောင်သော လုပ်ငန်းများ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအတွက် အထွေထွေ နစ်နာဆုံးရှုံးမှု ပေးလျော်ရန် အာမခံ (General Liability Insurance)

(ဂ) ချေးငွေရယူရန်ရည်ရွယ်ချက်ဖြင့် ဘဏ်သို့အပေါင်ပြုထားသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သောပစ္စည်းများအတွက် အထွေထွေအာမခံများ [ချေးငွေအာမခံ (Credit Guarantee Insurance) ၊ သမာဓိအာမခံ (Fidelity Insurance) ၊ငွေပို့ငွေသယ်အာမခံ (Cash in Transit Insurance) ၊ ငွေသားလုံခြုံမှုအာမခံ (Cash in Safe Insurance)]

**အလိုအလျောက်ရပ်စဲခြင်း**

၁၄။ ကိုယ်စားလှယ်သည် မိမိကိုင်ဆောင်ထားသည့် ကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည်နှင့် ကိုယ်စားလှယ် အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဟု မှတ်ယူရမည်။

၁၅။ ကိုယ်စားလှယ်သည် မိမိကိုင်ဆောင်ထားသည့် ကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်းအတွင်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းကြောင့် တရားရုံးတော်မှ အပြစ်ပေးခံရလျှင် အပြစ်ဒဏ် ကျခံရသည့်နေ့ မှစတင်၍ ကိုယ်စားလှယ်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည့်အပြင် ဤပြဋ္ဌာန်းချက်သည် အပြစ်ဒဏ်ကျခံရသည့်နေ့ မတိုင်မီက ကိုယ်စားလှယ် လုပ်ဆောင်ချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ကိုယ်စားလှယ်အဖြစ်မှရပ်စဲခြင်း**

၁၆။ ကိုယ်စားလှယ်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်နှင့်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲမည်။ ကိုယ်စားလှယ်အဖြစ်မှ ယာယီရပ်စဲရေး (သို့မဟုတ်) ရာသက်ပန်ရပ်စဲရေးကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ကအတည်ပြုဆုံးဖြတ်နိုင်သည်။

(က ) အာမခံထားသူကိုထိခိုက်နစ်နာစေခြင်း

(ခ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ က ချမှတ်ထားသော စည်းကမ်း၊ ထုတ်ပြန်သော အမိန့် နှင့်ညွှန်ကြားချက်များကိုလိုက်နာမှုမရှိခြင်း

(ဂ ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ၏ တားမြစ်ချက်တစ်ရပ်ရပ်ကိုချိုးဖောက်ခြင်း

(ဃ) တရားရုံးမှပြစ်ဒဏ်ချမှတ်ခံရခြင်း

(င) အကျင့်စာရိတ္တပျက်ပြားခြင်း။

**လွှဲပြောင်းခြင်း**

၁၇။ ကိုယ်စားလှယ် ဆောင်ရွက်ရမည့် အာမခံလုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို ကိုယ်စားလှယ် ကိုယ်စား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းဆောင်ရွက်စေခြင်းမပြုရ။

၁၈။ ကိုယ်စားလှယ် သေဆုံးလျှင် ရရန်ရှိကော်မရှင်များကို မည်သူ့ အားလွှဲပြောင်းပေးအပ်မည်ကို လွှဲအပ်စာ ကြိုတင်ရေးသား တင်ပြထားနိုင်သည်။ သို့မဟုတ်ပါက ရရန်ရှိ ကော်မရှင်များကို ကိုယ်စားလှယ်၏ တရားဝင် အမွေဆက်ခံခွင့်ရှိသူသို့ ထုတ်ပေးမည်။

**ကိုယ်စားလှယ်များရှောင်ကြဉ်ရန်အချက်များ**

၁၉။ ကိုယ်စားလှယ်များသည်အောက်ပါတို့ ကိုရှောင်ကြဉ်ရမည်-

(က) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ က ထုတ်ပေးထားသော အာမခံအလုပ် လက်ခံကိုယ်စားလှယ် လိုင်စင်မရှိဘဲ အာမခံကိုယ်စားလှယ်မှ အာမခံအလုပ်လက်ခံသူကိုယ်စားငွေ လက်ခံခြင်း

(ခ) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ မှ ခံစားခွင့်ပြုထားသော ကော်မရှင်များကို အခြား ပုဂ္ဂိုလ်များနှင့် ခွဲဝေခံစားခြင်း၊

(ဂ) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ၏ အာမခံပေါ်လစီတွင် ဖော်ပြပါရှိသော အခွင့်အရေးနှင့် စည်းကမ်းချက်များကို အဓိပ္ပါယ်လွဲမှားအောင်ဟောပြောစည်းရုံးခြင်း

(ဃ) အာမခံအလုပ်လက်ခံသူ၏ ရုံးတံဆိပ်၊ပုံစံများကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်း၊

(င) အာမခံထားရှိရေး စည်းရုံးရာတွင်လည်းကောင်း၊ ဆုံးရှုံးမှုပေါ်ပေါက်ရာတွင်ပင် တောင်းခံငွေ အမြန်ရရှိရေး ကူညီဆောင်ရွက်ပေးရာတွင်လည်းကောင်း အာမခံ ထားသူထံမှ ငွေကြေးတောင်းခံခြင်း။

**အာမခံကိုယ်စားလှယ်မှတ်ပုံတင်အသစ်လျှောက်ထားရန်နှင့်သက်တမ်းတိုးရန်စည်းကမ်းချက်များ**

(၁) မူလထုတ်ပေးခဲ့သည့် ကိုယ်စားလှယ် အစမ်းခန့်အပ်လွှာကဒ်ပြားနှင့် မှတ်ပုံတင်ကဒ်ပြား ကိုပြန်လည်အပ်နှံရမည်။

(၂) အာမခံကိုယ်စားလှယ်မှတ်ပုံတင်အသစ်လျှောက်လွှာဖြည့်စွက်တင်ပြရမည်။ (လိုင်စင်ဓါတ်ပုံ-၂ပုံနှင့်တကွ)

(၃) တစ်နှစ်အတွင်း လုပ်ငန်းမရရှိသည့် ကိုယ်စားလှယ်များ မှတ်ပုံတင်အသစ် သက်တမ်း အတွင်း လုပ်ငန်းရရှိအောင်ဆောင်ရွက်မည့်ဝန်ခံချက်ပူးတွဲတင်ပြရမည်။

(၄) စာရွက်စာတမ်းကြေးကိုသတ်မှတ်သည့်အတိုင်းပေးသွင်းရမည်။

(၅) အာမခံကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်းသည် (၁၂) လဖြစ်၍ မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီအနည်းဆုံး (၂) လကြိုတင်၍သက်တမ်းတိုးဆောင်ရွက်ရမည်

သို့

ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အာမခံကိုယ်စားလှယ်အဖြစ်ခန့်ထားခွင့်ပြုပါရန်ကိစ္စ**

ကျွန်တော်/ ကျွန်မ ........................................... သည် မြန်မာနိုင်ငံအတွင်း အာမခံကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် ကိုယ်စားလှယ် ခန့်ထားပေးပါရန် ပူးတွဲပါပုံစံ၊ အထောက်အထားများနှင့်အတူ လေးစားစွာ တင်ပြလျှောက်ထားအပ်ပါသည်။

လက်မှတ်

| | |
|---|---|
| အမည် | - |
| မှတ်ပုံတင်အမှတ် | - |
| နေရပ်လိပ်စာ | - |
| တယ်လီဖုန်းအမှတ် | - |

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ကိုယ်စားလှယ်လျှောက်လွှာ**

ဓါတ်ပုံ

သို့

ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

အကြောင်းအရာ။ ကိုယ်စားလှယ်ခန့်ထားပေးပါရန်လျှောက်ထားခြင်း။

၁။ (က) အမည် ..........................................................

(ခ) အဘအမည် ..........................................................

(ဂ) မှတ်ပုံတင်အမှတ် ..................................................

(ဃ) လက်ရှိအလုပ်အကိုင် ..............................................

(င) ဆက်သွယ်ရန်လိပ်စာ/ဖုန်း ...........................................

..........................................................

(စ) အမြဲတမ်းလိပ်စာ ..................................................

(ဆ) ယခင်အလုပ်အကိုင် ..................................................

၂။ (က) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ....................................

(ခ) မွေးဖွားရာဒေသ ..................................................

(ဂ) ယခုအသက် (မွေးသက္ကရာဇ်) ..........................................

၃။ ပညာအရည်အချင်း ..........................................................

၄။ ယခင်အာမခံကိုယ်စားလှယ်အဖြစ်လုပ်ကိုင်ခဲ့ဖူးလျှင်အောက်ပါတို့ ကိုဖြည့်စွက်ပါ။

(က) အာမခံအမျိုးအစား ..................................................

(ခ) အာမခံအဖွဲ့ အစည်း/ကုမ္ပဏီ ..........................................

(ဂ) ကိုယ်စားလှယ်လုပ်သက် (မည်သည့်နှစ်မှမည်သည့်နှစ်) ......................

(ဃ) ကိုယ်စားလှယ်အမှတ် ................................................

၅။ တစ်နှစ်အတွင်းလုပ်ငန်းမည်မျှရမည်ခန့်မှန်းပါသနည်း.....................................

(က) အသက်အာမခံ..........................................................................................

(ခ) အထွေထွေအာမခံ......................................................................................

၆။ အိမ်ထောင်ရှိ/မရှိ

(က) ဇနီး/ ခင်ပွန်းအမည်နှင့်အလုပ်အကိုင်.......................................................

(ခ) သား/ သမီးအမည်၊အလုပ်အကိုင်နှင့်ပညာအရည်အချင်း.............................

၇။ ရာဇဝတ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပြန်တမ်းဝင်အရာရှိ တစ်ဦးတို့၏ ထောက်ခံစာများနှင့် အတူလိုင်စင်ဓါတ်ပုံ (၃) ပုံကို ဤလျှောက်လွှာနှင့်အတူပူးတွဲတင်ပြပါသည်။

၈။ ကျွန်ုပ်ဖြေဆိုခဲ့သော အထက်ပါအဖြေများသည် ကျွန်ုပ်သိရှိသမျှမှန်ကန်စွာ ဖြေဆိုထားခြင်း ဖြစ်ပါသည်။ ၎င်းအပြင် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။ ကျွန်ုပ်အား ကိုယ်စားလှယ်အဖြစ် ခန့်ထားပေးပါရန် လျှောက်ထားအပ်ပါသည်။

မြို့နယ်.................။

ရက်စွဲ...................။

လျှောက်ထားသူလက်မှတ်...............................

အမည် -

အသိသက်သေများ

(၁) လက်မှတ်....................

အမည်........................

မှတ်ပုံတင်အမှတ်..............................................................................

နေရပ်လိပ်စာ....................................................................................

(၂) လက်မှတ်......................

အမည်..........................

မှတ်ပုံတင်အမှတ်..............................................................................

နေရပ်လိပ်စာ..................................................................................